# လုံခြုံစိတ်ချရသောစာသင်ကျောင်းများဆိုင်ရာကြေညာချက်

ပညာရေးအပေါ်တွင် လက်နက်ကိုင်ပဋိပက္ခများ၏သက်ရောက်မှုများသည် လူသားချင်းစာနာမှုဆိုင်ရာ စိန်ခေါ်မှုများ၊ ဖွံ့ဖြိုးရေးမှုဆိုင်ရာစိန်ခေါ်မှုများနှင့် ပိုမို၍ကျယ်ပြန့်သော လူမှုရေးစိန်ခေါ်ချက်များကို ဖြစ်ပေါ်စေပါသည်။ ကမ္ဘာတစ်လွှားတွင် စာသင်ကျောင်းများ၊ တက္ကသိုလ်များ သည် ဗုံးဒဏ်သင့်ခံရခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခံရခြင်း၊ မီးလောင်ခြင်း၊ ကလေးငယ်များ၊ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ ပညာရှင်များ သတ်ဖြတ်ခံရခြင်း၊ ကိုယ်လက်အင်္ဂါချို့တဲ့သွားခြင်း၊ ပြန်ပေးဆွဲခံရခြင်း သို့မဟုတ် အတင်းအကျပ်ဖမ်းဆီးခံရခြင်းတို့ကိုကြုံတွေ့နေရပါသည်။ ပညာရေးဆိုင်ရာ အဆောက်အအုံများသည် လက်နက်ကိုင် ပဋိပက္ခတွင်ပါဝင်သောတပ်ဖွဲ့များ၏ အခြေစိုက်စခန်းများ၊ စစ်တန်းလျားများ၊ အချုပ်ခန်းများ အဖြစ် အသုံးပြုခြင်း ခံနေရပါသည်။ ထိုကဲ့သို့သောအပြုအမူများကြောင့် ကျောင်းသားကျောင်းသူများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများ ကို ထိခိုက်မှုများဖြစ်စေခြင်း၊ မြောက်မြားစွာသော ကလေးငယ်များ၊ ကျောင်းသားကျောင်းသူများ၏ ပညာရေးဆိုင်ရာအခွင့်အရေးကို တားဆီးပိတ်ပင်ခံရခြင်းများ၊ လူမှုအသိုင်းအဝိုင်း၏အနာဂတ်ကို ပုံဖော်ပေးမည့်အခြေခံကောင်းများ ပျက်စီးဆီးဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်လာစေပါသည်။ နိုင်ငံအများအပြားတွင် လက်နက်ကိုင်ပဋိပက္ခများသည် စာသင်ကျောင်းများ၏ အခြေခံအဆောက်အအုံများကိုသာဖျက်ဆီးရုံမျှမကဘဲ မျိုးဆက်သစ်ကလေးငယ်များ၏ မျှော်လင့်ချက်များ၊ ရည်ရွယ်ချက်များကိုပါ ဖျက်ဆီးသွားပါသည်။

ပညာရေးကဏ္ဍအပေါ်တိုက်ခိုက်မှုများတွင် ပညာရေးဆိုင်ရာအဆောက်အအုံများ၊ ဆက်စပ်ပစ္စည်းများ၊ ကျောင်းသားကျောင်းသူများ၊ ပညာရေးဝန်ထမ်းများအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်းတို့ပါဝင်ပါသည်။ တိုက်ခိုက်မှုများ၊ တိုက်ခိုက်ရန်ခြိမ်းခြောက်မှုများသည် လူတစ်ဦးတစ်ယောက်ချင်းစီနှင့် လူ့အဖွဲ့အစည်းတို့ အပေါ် ပြင်းထန်သော နာကျင်မှုများကိုဖြစ်ပေါ်စေပါသည်။ ပညာရေးကိုလက်လှမ်းမီနိုင်မှုအပေါ် အတားအဆီး ဖြစ်သွားနိုင်ခြင်း၊ ပညာရေးဆိုင်ရာအထောက်အပံ့များကိုတားမြစ်ခြင်း၊ ပညာရေး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ ၎င်းတို့၏လုံခြုံရေးကြောင့် ပညာရေးကဏ္ဍနှင့် ဝေးကွာသွားခြင်းတို့သည် ထင်သာမြင်သာ ရှိသော ဆိုးကျိုးများပင်ဖြစ်ပါသည်။ စာသင်ကျောင်းများ၊ တက္ကသိုလ်များအပေါ် ပြုလုပ်သောတိုက်ခိုက်မှု များကြောင့် သည်းမခံနိုင်မှုများ၊ ဖယ်ကြဉ်မှုများကို မြင့်တက်လာစေပါသည်။ ဥပမာအားဖြင့် မိန်းကလေးများ၏ ပညာသင်ကြားခွင့်ကို တားဆီးခြင်းအားဖြင့် ကျား၊ မခွဲခြားဆက်ဆံမှုကိုပိုမိုအားပေးရာရောက်ပါသည်။ ထို့အတူ လူမှုအသိုင်းအဝိုင်းများကြား ပဋိပက္ခများ မြင့်တက်လာခြင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကွဲယ်ဝမှုကို ကန့်သတ်ခြင်း နှင့် ပညာရေးလွတ်လပ်မှုနှင့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းမှုတို့ကိုလည်းတားမြစ်ခြင်း များဖြစ်ပေါ်လာပါမည်။ ပညာရေးဆိုင်ရာအဆောက်အအုံများ၊ ဆက်စပ်ပစ္စည်းများကို စစ်ပွဲရည်ရွယ်ချက်များ အတွက်အသုံးပြုသည့်အခါများတွင် လူသစ်စုဆောင်းသည့်အခြေအနေများဖြစ်ပေါ်လာနိုင်ခြင်း၊ ကလေးငယ်များအား လက်နက်ကိုင်တပ်ဖွဲ့များကစစ်သားများအဖြစ်အသုံးပြုခြင်း၊ ကလေးငယ်များနှင့် လူငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အမြတ်ထုတ်မှုတို့၏သားကောင်များအဖြစ်သို့ကျရောက်စေ နိုင်ခြင်း စသည့် ဆိုးကျိုးအမြောက်အများဖြစ်ပေါ်လာနိုင်ပါသည်။ အဆိုပါလုပ်ရပ်များကြောင့် ပညာရေး အင်စတီကျူးရှင်းများတိုက်ခိုက်ခံရနိုင်ခြေများ မြင့်တက်လာပါသည်။

ပညာရေးသည် လူငယ်များနှင့် ကလေးငယ်များအား သေဆုံးခြင်း၊ ဒဏ်ရာရခြင်းနှင့် အမြတ်ထုတ်ခံရခြင်းတို့
ဘေးမှ ကူညီကာကွယ်ပေးနိုင်ပါသည်။ ပုံမှန်လှုပ်ရှားမှုများနှင့်တည်ငြိမ်မှုတို့ကိုဆောင်ကြဉ်းပေးခြင်းဖြင့်
လက်နက်ကိုင်ပဋိပက္ခများမှ ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကို လျော့ပါးသက်သာစေပြီး
အခြားသောအရေးကြီးသည့်လူမှုအကျိုးရလဒ်များကိုလည်းရရှိစေရန်ဆက်သွယ်ပေးပါသည်။  ပဋိပက္ခအပေါ်တွင်
တုံ့ပြန်ဆောင်ရွက်နိုင်မှုကိုအခြေပြုထားသောပညာရေးသည် ပဋိပက္ခများကိုရှောင်ရှားစေနိုင်ရန် လမ်းဖွင့် ပေးပြီး၊
ငြိမ်းချမ်းရေးအတွက်အထောက်အကူလည်းဖြစ်လာပါမည်။ ပညာရေးသည် ဖွံ့ဖြိုးမှုအတွက် သော်လည်းကောင်း၊
လွတ်လပ်မှုနှင့်လူ့အခွင့်အရေးတို့ကို အပြည့်အဝခံစားနိုင်ရန်အတွက် သော်လည်းကောင်း
အလွန်တရာအခြေခံကျသည့်ကဏ္ဍလည်းဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ပညာရေးနှင့်စပ်ဆိုင်သောနေရာများ
အားလုံးခြုံစိတ်ချရသောနေရာများဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပညာသင်ကြားခွင့်အပေါ်တွင်တိုးတက်လာစေရန်စွမ်းဆောင်ခြင်း၊ ပညာရေးဆိုင်ရာ အခွင့်အရေး တို့ကို
ကာကွယ်ပေးခြင်းနှင့် ပဋိပက္ခဖြစ်ပွားနေသောအခြေအနေများတွင် ပညာရေးကဏ္ဍ ဆက်လက် တည်တံ့
နိုင်စေရန်ကြိုးပမ်းဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်ပြီး နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဦးဆောင်လှုပ်ရှားမှုတို့ကို
ကျွန်ုပ်တို့အနေဖြင့်ကြိုဆိုပါသည်။ ပညာရေးကဏ္ဍဆက်လက်တည်တံ့နိုင်မှုသည် အသက်များစွာကိုကယ်တင်
နိုင်သော ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်များကို ထောက်ပံ့ပေးနိုင်ပြီး၊ ပဋိပက္ခများကြုံတွေ့နေရ
သောလူ့အဖွဲ့အစည်းများကြုံတွေ့နေရသည့် အန္တရာယ်များကိုကျော်လွှားနိုင်ရန်လည်းအကြံဉာဏ်များ
ပေးရာတွင်အရေးပါလာမည်ဖြစ်ပါသည်။

ကလေးငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခတို့နှင့်ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြိုးပမ်း
ဆောင်ရွက်မှုတို့ကို ကျွန်ုပ်တို့အနေဖြင့် ချီးကျူးပါသည်။ ထို့အပြင် လက်နက်ကိုင် ပဋိပက္ခအတွင်းကလေးငယ်
များအပေါ်တွင် စိုးရိမ်ဖွယ်ရာအကြမ်းဖက်မှုနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာပြီး အစီရင်ခံသည့် လုပ်ငန်းစဉ်
များအရေးကြီးပုံကိုလည်း အသိအမှတ်ပြုပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ခဲ့သော ဆုံးဖြတ်
ချက်များအနက် မှ ၂၀၁၁ ခုနှစ်တွင်ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အမှတ် (၁၉၉၈) နှင့်၂၀၁၄ ခုနှစ်တွင်ချမှတ်ခဲ့သော
ဆုံးဖြတ်ချက်အမှတ် (၂၁၄၃)  တို့၏ အရေးကြီးပုံကို အလေးအနက်ပြုလိုပါသည်။ အဆိုပါ ဆုံးဖြတ်ချက်များတွင်
လက်နက်ကိုင်ပဋိပက္ခတွင် ပါ ဝင်သော သက်ဆိုင်သူအားလုံးတို့သည် ကလေးငယ်များ၏ ပညာရေးဆိုင်ရာအသုံး
ချခွင့်များကို အဟန့်အတားဖြစ်စေသည့် အပြုအမူများကိုရှောင်ကြဉ်ကြရန် နှင့် အစိုးရစစ်တပ်များနှင့်
အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် နိုင်ငံတကာဥပဒေများကို ချိုးဖောက်ပြီး
စာသင်ကျောင်းများ အသုံးပြုခြင်းကိုတားမြစ်သည့်အစီအမံများချမှတ်ရန် တိုက်တွန်းထားပါသည်။

ကျွန်ုပ်တို့အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများအတွင်းကျောင်းများနှင့်တက္ကသိုလ်များကိုစစ်ပွဲအတွက်အသုံးပြု
ခြင်းမှကာကွယ်သောလမ်းညွှန်ချက်များ ရေးဆွဲထုတ်ပြန်ခြင်းကို ကြိုဆိုပါသည်။ အဆိုပါလမ်းညွှန်ချက်များသည်
တရားဥပဒေအရစည်းနှောင်မှုမရှိဘဲ ဆန္ဒအလျောက်လုပ်ဆောင်ရမည့်လမ်းညွှန်ချက်များဖြစ်ပြီး တည်ဆဲနိုင်ငံ
တကာဥပဒေများကို သက်ရောက်ခြင်းမရှိပါ။ ထိုလမ်းညွှန်ချက်များသည် လက်ရှိကျင့်သုံးနေသော အလေ့အထ

ကောင်းများအပေါ်တွင်အခြေခံရေးဆွဲထားပြီး၊ လက်နက်ကိုင်ပဋိပက္ခကြောင့်ပညာရေးအပေါ်တွင်သက်ရောက်မှုရှိနေသည်များကို ပိုမိုလျှော့ချနိုင်စေရန်လည်း ရည်ရွယ်ထားပါသည်။ အဆိုပါလမ်းညွှန်ချက်များအားဖြန့်ဖြူးခြင်း၊ ၎င်းတို့အား အစိုးရတပ်မတော်များ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့်အခြားသော သက်ဆိုင်သူများအကြား တွင် လိုက်နာကျင့်သုံးလာစေရန်အတွက် မြှင့်တင်ဆောင်ရွက်ခြင်း စသည့် အားစိုက်ကြိုးပမ်းမှုတို့ကို ကျွန်ုပ်တို့အနေဖြင့် ကြိုဆိုပါသည်။

ကျွန်ုပ်တို့အနေဖြင့်အလေးအနက်ပြုပြောလိုသည့်အချက်မှာ ပြစ်မှုများအတွက်အပြစ်ပေးအရေးယူခံရခြင်း မှ လွတ်မြောက်နေမှုများခြင်း အဆုံးသတ်ရန် အတွက်လိုအပ်သော ကတိကဝတ်များကို လိုက်နာခြင်း အပါအဝင် နိုင်ငံတကာဥပဒေများအား မည်သည့်အချိန် မျိုးတွင်မဆို အပြည့်အဝ လေးစားလိုက်နာ ဆောင်ရွက်ကြရန် ဟူသော အချက်ပင်ဖြစ်ပါသည်။

နိုင်ငံများအချင်းချင်းကြားတွင် နားလည်နိုင်မှု၊ သည်းခံနိုင်မှု၊ ရင်းနှီးချစ်ကြည်မှုတို့ကိုမြှင့်တင်ဆောင်ရွက်သည့် အခါ ပညာရေးဆိုင်ရာအခွင့်အရေးများနှင့် ပညာရေး၏အခန်းကဏ္ဍ တို့ကို အသိအမှတ်ပြု၍လည်းကောင်း၊ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များနှင့် လူငယ်များအပါဝင် အရပ်သားများအား ကာကွယ်ပေးနိုင်ရန်အလေ့အထများကိုပိုမိုတိုးတက်ခိုင်မာစေရန်လုပ်ဆောင်မည်ဟုဆုံးဖြတ်ထားပြီးဖြစ်၍လည်းကောင်း၊ စာသင်ကျောင်းများသည် အားလုံးအတွက်လုံခြုံစိတ်ချသောနေရာများဖြစ်စေရမည်ဟုစိတ်ပိုင်းဖြတ်ထားပြီးဖြစ်၍လည်းကောင်း၊ ကျွန်ုပ်တို့အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများအတွင်းကျောင်းများ နှင့်တက္ကသိုလ်များကိုစစ်ပွဲအတွက်အသုံးပြု ခြင်းမှကာကွယ်သောလမ်းညွှန်ချက်များ ကိုအတည်ပြုထောက်ခံပြီး၊ အဆိုပါလမ်းညွှန်ချက်များကို အသုံးပြု၍ အောက်ပါတို့ကိုဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

- လမ်းညွှန်ချက်များကို အသုံးပြုမည်။ ထို့အပြင် ၎င်းတို့အားပြည်တွင်းမူဝါဒများနှင့်လုပ်ငန်းလည်ပတ်ဆောင်ရွက် သည့်မူဘောင်များတွင် တတ်နိုင်သမျှကျယ်ကျယ်ပြန့်ပြန့်နှင့် သင့်တင့်လျောက်ပတ်စွာ ထည့်သွင်းအသုံးပြုနိုင်ရန်ဆောင်ရွက်သွားမည်။

- ပညာရေးကဏ္ဍရှိဆောက်အအုံများနှင့်ဆက်စပ်ပစ္စည်းများအပေါ်တွင်ပြုလုပ်သော တိုက်ခိုက်မှုများနှင့် ပတ်သက်သည့် ခိုင်မာသောအချက်အလက်များကို နိုင်ငံတော်အဆင့်ကောက်ယူနိုင်ရန် ကြိုးပမ်းအား ထုတ်သွားမည်။ အဆိုပါအချက်အလက်များတွင် တိုက်ခိုက်ခံရသူများ၏ အချက်အလက်များ၊ လက်နက်ကိုင် ပဋိပက္ခအတွင်း ကျောင်းများနှင့် တက္ကသိုလ်များကို စစ်ပွဲရည်ရွယ်ချက်အတွက်အသုံးပြုခြင်း တို့ပါဝင်မည် ဖြစ်သည်။ ထိုသို့အချက်အလက် ကောက်ယူရာတွင် တည်ရှိပြီးသား စောင့်ကြည့်လေ့လာရေးနှင့်အစီရင်ခံရေး လုပ်ထုံးလုပ်နည်းများ မှတစ်ဆင့်ကောက်ယူမည်ဖြစ်ပြီး ရရှိလာသောအချက်အလက်များကို ချောမွေ့အောင် ဆောင်ရွက်ခြင်း၊ ကျူးလွန်ခံရသူများကိုထောက်ပံ့ပေးခြင်း တို့ကို ခွဲခြားဆက်ဆံမှုမရှိစေဘဲ လုပ်ဆောင်သွားမည် ဖြစ်သည်။

- နိုင်ငံတွင်းချမှတ်ထားသောဥပဒေနှင့်နိုင်ငံတကာဥပဒေများကို ချိုးဖောက်သည့်ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ပြီး၊ သင့်တင့်လျောက်ပတ်သည့်အချိန်တွင်ကျူးလွန်သူများအား တရားဥပဒေနှင့် အညီအရေးယူဆောင်ရွက်နိုင်ရန်လည်းလုပ်ဆောင်သွားမည်။

- ပဋိပက္ခတုံ့ပြန်ဆောင်ရွက်နိုင်မှုအပေါ်အခြေခံသည့်ချဉ်းကပ်မှုများဖြင့် အခြေပြုထားသည့် ပညာရေးကို နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့အစီအစဉ်များ၊ ဖွံ့ဖြိုးမှုအစီအစဉ် များနှင့် နိုင်ငံတစ်နိုင်ငံချင်းအဆင့်တို့တွင် သင့်တော်သလို ထည့်သွင်းရေးဆွဲ အတည်ပြုပြီး မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်။

- လက်နက်ကိုင်ပဋိပက္ခအတွင်းပညာရေးဆက်လက်တည်ရှိနိုင်စေရန်သေချာအောင် ဆောင်ရွက်သွား မည်ဖြစ်ပြီး၊ ပညာရေးကဏ္ဍမှအခြေခံအဆောက်အအုံများ၊ ဆက်စပ်ပစ္စည်းများကို ပြန်လည်ထူထောင်ပေးမည်။ ဤကြေညာစာတမ်းပါအချက်အလက်များကို အကောင်အထည်ဖော်ခြင်းအပါအဝင် ပညာရေးအပေါ် တိုက်ခိုက်မှုများကို ကာကွယ်ခြင်း၊ ဟန့်တားခြင်းတို့ လုပ်ဆောင်နေသည့် အစီအစဉ်များတွင် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ အထောက်အကူပြုမှုများရရှိလာစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

- ကလေးသူငယ်များနှင့်လက်နက်ကိုင်ပဋိပက္ခကိစ္စရပ်များနှင့်ပတ်သက်သည့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ကြိုးပမ်းအားထုတ်မှုများ၊ ကလေးသူငယ်များ နှင့်လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်၏ ကြိုးပမ်းအားထုတ်မှုများနှင့် အခြား သော ကုလသမဂ္ဂလက်အောက်ခံ အေဂျင်စီများ၊ အဖွဲ့အစည်းများ၏ကြိုးပမ်းအားထုတ်မှုများကိုလည်း အားပေးထောက်ခံသွားပါမည်။

- ယခုကြေညာစာတမ်းပါအချက်အလက်များကို အကောင်အထည်ဖော်ခြင်း နှင့် လမ်းညွှန်ချက်များကို အသုံးပြုခြင်းတို့ကို ပြန်လှန်သုံးသပ်ရန်အတွက် သက်ဆိုင်သည့်နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများကိုဖိတ်ကြား၍ ပုံမှန်တွေ့ဆုံခြင်းများပြုလုပ်သွားပါမည်။